ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ (၁) အမှတ် (၃၀) ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၈ ရက်

မာတိကာစဉ်

| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေ၊နည်းဥပဒေနှင့်အမိန့်ကြော်ငြာစာအသစ်များအကြောင်းသိကောင်းစရာ။ | ၂-၃ |
| ၂။ | ပြည်ပနေနိုင်ငံသားများ၏ပြည်ပတွင်ရရှိသည့်ဝင်ငွေအပေါ် ဝင်ငွေနှစ်အတွင်း ဝင်ငွေခွန်ပေးဆောင်ရာတွင် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများ နှင့် စပ်လျဉ်း၍ သိကောင်းစရာ။ | ၄-၅ |
| ၃။ | လူငယ်ကမ္ဘာ့စားနပ်ရိက္ခာနေ့ (Junior World Food Day)ဆွေးနွေးပွဲ။ | ၆-၈ |
| ၄။ | Nigeria နိုင်ငံမှ Singapore Convention on Mediation တွင် ပါဝင်လာခြင်း။ | ၉-၁၀ |
| ၅။ | ကလေးသူငယ်များအားကာကွယ်ရန်ပျက်ကွက်မှုအတွက် Meta ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် Zuckerberg အား New Mexico ပြည်နယ်ရှေ့နေချုပ်က တရားစွဲဆိုခြင်း။ | ၁၁-၁၂ |

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေ၊ နည်းဥပဒေနှင့် အမိန့်ကြော်ငြာစာအသစ်များအကြောင်း သိကောင်းစရာ

ဥပဒေရေးရာဝန်ကြီးဌာနကဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS)တွင် ယခုသီတင်းပတ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ထုတ်ပြန်သည့် ရောဝတီတိုင်းဒေသကြီး၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းဥပဒေ၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းပြုလုပ်သည့် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများ အတွက် လျှောက်လွှာကြေး၊ လိုင်စင်ကြေးနှင့် လုပ်ငန်းလိုင်စင်သက်တမ်းတိုးကြေး သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် ပြည်ပနေနိုင်ငံသားများ၏ ပြည်ပတွင်ရရှိသည့် ဝင်ငွေအပေါ် ဝင်ငွေနှစ်အတွင်း ဝင်ငွေခွန်ပေးဆောင်ရာတွင် လိုက်နာဆောင်ရွက်ရမည့်နည်းလမ်းများ အမိန့်ကြော်ငြာစာ၊ ပြည်တွင်းအခွန်များဦးစီးဌာနက ထုတ်ပြန်သည့်ပြည်ပနေနိုင်ငံသားများ၏ ဝင်ငွေအပေါ် ဝင်ငွေခွန်ကောက်ခံနိုင်ရန် လုပ်ငန်းတာဝန်များနှင့်လုပ်ပိုင်ခွင့်များကို လွှဲအပ်ခြင်း အမိန့်ကြော်ငြာစာ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် ရန်ကုန်တိုင်းဒေသကြီးတွင်းရှိ လမ်းများအား လမ်းဦးစီးဌာနပိုင်လမ်းမကြီးအဖြစ် သတ်မှတ်ခြင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လမ်းများအား လမ်းဦးစီးဌာနပိုင်လမ်းမကြီးအဖြစ်သတ်မှတ်ခြင်း၊ ရခိုင်ပြည်နယ်အတွင်းရှိလမ်းများအား လမ်းဦးစီးဌာနပိုင်လမ်းမကြီးအဖြစ် သတ်မှတ်ခြင်းနှင့် မွန်ပြည်နယ်အတွင်းရှိလမ်းများအား လမ်းဦးစီးဌာနပိုင်လမ်းမကြီးအဖြစ်သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာ တို့ကို အများပြည်သူများ လွယ်လင့်တကူ ကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ၁၁.၁၀.၂၀၂၃ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁၁၂/၂၀၂၃) ဖြင့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းပြုလုပ်သည့် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအတွက် လျှောက်လွှာကြေး၊ လိုင်စင်ကြေးနှင့် လုပ်ငန်းလိုင်စင်သက်တမ်းတိုးကြေးသတ်မှတ်ခြင်းကို ထုတ်ပြန် ကြေညာခဲ့ပါသည်။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ကနဦး ပတ်ဝန်းကျင် ဆန်းစစ်ခြင်း နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းပြုလုပ်သည့်တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့

အစည်းများ လုပ်ငန်းလိုင်စင်ဆိုင်ရာလုပ်ထုံးလုပ်နည်း အပိုဒ် ၃၀ အရ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း သို့မဟုတ် မဟာဗျူဟာမြောက် ပတ်ဝန်းကျင်ဆိုင်ရာဆန်းစစ်ခြင်းပြုလုပ်သည့် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများ လိုင်စင်လျှောက်ထားခြင်းအတွက် လိုင်စင်အမျိုးအစားအလိုက် ပေးသွင်းရမည့် လျှောက်လွှာကြေး၊ လိုင်စင်ကြေးနှင့် လုပ်ငန်းလိုင်စင်သက်တမ်းတိုးကြေးတို့ကို သတ်မှတ်ထားသည့်နှုန်းထားများ အတိုင်းပေးဆောင်ရမည်ဖြစ်ပြီး ညွှန်ကြားရေးမှူးချုပ်ရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ငွေစာရင်းအမှတ် MD-012207 မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်သို့ပေးသွင်းရမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနက ၃.၁၁.၂၀၂၃ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁၆၅/၂၀၂၃)ဖြင့် ပြည်ပနေနိုင်ငံသားများ၏ ပြည်ပနေနိုင်ငံသားများ၏ဝင်ငွေအပေါ် ဝင်ငွေခွန်ကောက်ခံနိုင်ရန် လုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့်များကို လွှဲအပ်ခြင်းအမိန့်ကြော်ငြာစာကို ထုတ်ပြန် ကြေညာခဲ့ပါသည်။ ယင်းအမိန့်ကြော်ငြာစာတွင် ပြည်ပနိုင်ငံများရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာသံရုံးများတွင် တာဝန်ထမ်းဆောင်နေသော သံအရာရှိများနှင့် ကောင်စစ်အရာရှိများမှ ၎င်းတို့တာဝန်ကျရောက်သောနိုင်ငံများရှိ ပြည်ပနေနိုင်ငံသားများ၏ ဝင်ငွေအပေါ် ဝင်ငွေခွန်ကောက်ခံနိုင်ရန် လုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့်များကို လွှဲအပ်ထားရှိပြီး ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

e-Government ဌာနခွဲ

ဝန်ကြီးရုံး

ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၃၀) ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်

## ပြည်ပနေနိုင်ငံသားများ၏ ပြည်ပတွင်ရရှိသည့် ဝင်ငွေအပေါ် ဝင်ငွေနှစ်အတွင်း ဝင်ငွေခွန် ပေးဆောင်ရာတွင် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများနှင့် စပ်လျဉ်း၍သိကောင်းစရာ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ၂၀၂၃ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ၁၂-၉-၂၀၂၃ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၅၅/ ၂၀၂၃ ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေတွင် ယခင်က ပြည်ပနေနိုင်ငံသားများ၏ ဝင်ငွေအပေါ် ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုပေးခဲ့ခြင်းကို ပယ်ဖျက်၍ ဝင်ငွေခွန်ပြန်လည်ကောက်ခံနိုင်ရေးထည့်သွင်းပြဋ္ဌာန်းခဲ့ပါသည်။

ယင်းပြင်ဆင်သည့်ဥပဒေအရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၆- ခ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်ပနေနိုင်ငံသားများ၏ ပြည်ပတွင်ရရှိသည့် ဝင်ငွေအပေါ် ဝင်ငွေနှစ်အတွင်း ဝင်ငွေခွန် ပေးဆောင်ရာတွင် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများနှင့် စပ်လျဉ်းသည့် အမိန့်ကြော်ငြာစာကို ၂၂-၁၁-၂၀၂၃ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၇၉/ ၂၀၂၃ ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

ထိုအမိန့်ကြော်ငြာစာတွင် ပြည်ပနေနိုင်ငံသားများသည် သက်ဆိုင်ရာ သံရုံး သို့မဟုတ် ကောင်စစ်ဝန်ချုပ်ရုံးတွင် နိုင်ငံကူးလက်မှတ်အဟောင်းမှ အသစ်သို့လဲလှယ်ခြင်း၊ နိုင်ငံကူးလက်မှတ်သက်တမ်းတိုးခြင်း၊ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်ပြုလုပ်ခြင်း၊ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်သက်တမ်းတိုးခြင်း၊ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်ဖြင့် နိုင်ငံကူးလက်မှတ်လျှောက်ထားခြင်း၊ အထွေထွေကိုယ်စားလှယ်လွှဲစာ သို့မဟုတ် အထူးကိုယ်စားလှယ်လွှဲစာပြုလုပ်ခြင်း၊ ထောက်ခံစာပြုလုပ်ခြင်း၊ အခွန်လာရောက်ပေးဆောင်ခြင်းနှင့် ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်ပြားပြုလုပ်ခြင်းများ ဆောင်ရွက်ချိန်တွင် ၂၀၂၃ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပုဒ်မ ၂၂ ပါ အခွန်နှုန်းများအတိုင်း ဝင်ငွေခွန် ပေးဆောင်ရမည်ဖြစ်ကြောင်းဖော်ပြပါရှိပြီး ယင်းအမိန့်ကြော်ငြာစာသည် ၂၀၂၃ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်ကြောင်း သိရသည်။

ထိုကဲ့သို့ အမိန့်ကြော်ငြာစာထုတ်ပြန်၍ အခွန်ကောက်ခံဆောင်ရွက်ခြင်းဖြင့် ရသင့်ရထိုက်သော အခွန်ငွေများရရှိနိုင်မည်ဖြစ်ပါသည်။

နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်: www.mopf.gov.mm

## လူငယ်ကမ္ဘာ့စားနပ်ရိက္ခာနေ့ (Junior World Food Day) ဆွေးနွေးပွဲ

၁၉၄၅ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့သည် ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ကို စတင်ဖွဲ့စည်းခဲ့သည့်နေ့ဖြစ်၍ ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနားကို ကမ္ဘာ့နိုင်ငံများအလိုက် ကျင်းပခဲ့ကြသည်။

၂၀၂၃ ခုနှစ် ထုတ်ပြန်ခဲ့သည့် ကုလသမဂ္ဂအစီအစဉ်ခံစာများအရ ကမ္ဘာ့လူဦးရေ၏ ၂ ဒသမ၄ ဘီလီယံသည် ရေရရှိရေးအခက်အခဲဖြစ်နေသည့် နိုင်ငံများတွင် နေထိုင်နေရပြီး ကမ္ဘာ့ရေအရင်းအမြစ်အားလုံး၏ ၂ ဒသမ ၅ ရာခိုင်နှုန်းသာ ရေချိုဖြစ်သည့်အတွက် လူတိုင်းရေချိုရရှိရန် ခက်ခဲလျက်ရှိပါသည်။

အီတလီနိုင်ငံ၊ ရောမမြို့တော်၌ တည်ရှိသည့် FAO ဌာနချုပ်တွင် အောက်တိုဘာလ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် လူငယ်ကမ္ဘာ့စားနပ်ရိက္ခာနေ့ (Junior World Food Day) ဖိုရမ်အားတက်ရောက်လာကြသည့် လူငယ်တက်ကြွလှုပ်ရှားသူများ၊ ကျောင်းသားသူများ၊ စွန့်ဦးတီထွင်သူများတက်ရောက်ခဲ့ကြပြီး ရေအရင်းအမြစ်အား ထိန်းသိမ်းကာကွယ်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ အဆိုပါအခမ်းအနားအား အနာဂတ်မျိုးဆက်များအတွက် ပိုမိုရေရှည်တည်တံ့စေပြီး စားနပ်ရိက္ခာလုံခြုံမှုရှိစေရန် ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်သည်။

ရေနှင့်စားနပ်ရိက္ခာသည် မိမိတို့လူသားများနေ့စဉ် အသက်ရှင်ရပ်တည်ရန် မရှိမဖြစ်လိုအပ်ချက်ဖြစ်သဖြင့် စားနပ်ရိက္ခာအတွက် ရေအရင်းအမြစ်မှာအရေးကြီးကြောင်း တက်ရောက်သူများမှ ပါဝင်ဆွေးနွေးခဲ့ကြပါသည်။ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ FAO ၏ အတွင်းရေးမှူးချုပ်မှ "ရေအရင်းမြစ်မှာ သက်ရှိများ၏ စားနပ်ရိက္ခာအတွက် မရှိမဖြစ်လိုအပ်ကြောင်း၊ စားနပ်ရိက္ခာနှင့် သောက်သုံးရေ ပိုမိုကြွယ်ဝလာရေးအတွက် လူငယ်များအနေဖြင့် ၎င်းတို့၏ အပြုသဘောဆောင်တက်ကြွမှု၊ စိတ်အားထက်သန်မှု စွန့်စားတီထွင်လိုမှုတို့ကိုလည်း အသုံးချတတ်စေရန် လိုအပ်ကြောင်း၊ အနာဂတ်ကာလတွင် လူငယ်များအနေဖြင့် လူထုနှင့် ကမ္ဘာမြေအတွက် ကြွယ်ဝပြီး ပိုမိုကောင်းမွန်သည့် ကမ္ဘာကြီးဖြစ်စေရန် အမွေအနှစ်များကို ဆက်လက် ထိန်းသိမ်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စားနပ်ရိက္ခာမှာ သောက်သုံးရေအပေါ်သက်ရောက်မှုကိုလည်း လေ့လာတွေ့ရှိရကြောင်း၊ သောက်သုံးရေအတွက် စိုးရိမ်နေကြသည့်နိုင်ငံများတွင် လူဦးရေစုစုပေါင်း ၂.၄ ဘီလီယံ

ခန့်ရှိနေကြောင်း၊ ရေမရှိလျှင် အဆိုးရွားဆုံးထိခိုက်မည့်သူများမှာ လယ်သမားများ၊ အထူးသဖြင့် အမျိုးသမီးငယ်များ၊တိုင်းရင်းသားမျိုးနွယ်စုဝင်များ၊ ရွှေ့ပြောင်းအခြေချသူများနှင့် ဒုက္ခသည်များဖြစ်ကြောင်း၊ သဘာဝအရင်းအမြစ်များအားအလေးထားပြီး အာဟာရပြည့်ဝသည့် စားနပ်ရိက္ခာဖူလုံမှုရှိစေရေးကို ဖော်ဆောင်နိုင်မည့် စိုက်ပျိုးထုတ်လုပ်သည့် စားနပ်ရိက္ခာစနစ်များ ရေရှည်တည်တံ့ရန် လိုအပ်မည်ဖြစ်ကြောင်း” ပြောကြားခဲ့သည်။

အီကွေဒေါနိုင်ငံ၊ ချစ်ကြည်ရေးသံတမန်က “ရေအရင်းအမြစ်လုံခြုံမှုနှင့် ဇီဝမျိုးစုံမျိုးကွဲတို့၏ တည်ရှိမှုအကြား ချိတ်ဆက်မှုကိုလည်း အလေးထားပြောကြားခဲ့ပြီး သစ်ပင်များအား ကာကွယ်၍ အနာဂတ်ကမ္ဘာကို ထိန်းသိမ်းစောင့်ရှောက်သူများဖြစ်ရန်” လူငယ်များအား တိုက်တွန်းခဲ့ပါသည်။

လူငယ်တက်ကြွလှုပ်ရှားသူတစ်ဦးက “ကမ္ဘာပေါ်၌သစ်ပင်များပိုမိုများပြားလာပါက ရေအရင်းအမြစ်လည်း ပိုမို၍ကြွယ်ဝလာမည်ဖြစ်ကြောင်း၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အကြပ်အတည်းပြဿနာများအား အရေးယူဆောင်ရွက်မှုများ ဆောင်ရွက်ခြင်း မရှိသည်မှာ လက်သင့်ခံနိုင်ဖွယ်မရှိကြောင်း” ကို ပြောကြားခဲ့ပါသည်။

အိုင်ယာလန်နိုင်ငံဆိုင်ရာ ချစ်ကြည်ရေးသံအမတ်က “ရေအရင်းအမြစ်စီမံခန့်ခွဲမှု ပိုမို ကောင်းမွန်လာစေရန်အရေးကြီးကြောင်း” အလေးထားပြောကြားခဲ့ပြီး “သစ်ပင်များ စိုက်ပျိုးသည့်အခါတွင်လည်း သဘာဝပတ်ဝန်းကျင်အား လေ့လာသင်ယူကြရန်”တိုက်တွန်းခဲ့ပါသည်။

လူပုဂ္ဂိုလ် သို့မဟုတ် ပြည်တွင်းအသုံးပြုမှုအတွက် အခြေခံလူသား လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ရေအသုံးပြုမှုအခွင့်အရေးအား နိုင်ငံတကာလူ့အခွင့်အရေးဥပဒေအရ အကာအကွယ်ပေးပြီးဖြစ်ပါသည်။ နယ်စပ်ဒေသကိုဖြတ်၍ မြစ်၊ ကန်၊ မြေအောက်ရေသုံးစွဲမှုအပေါ်တွင် ဖြစ်ပွားသောပြဿနာများသည် ကမ္ဘာ့အရပ်ရပ်ရှိ အချို့သောနေရာများတွင် ရေအရင်းအမြစ်ဆိုင်ရာ ဥပဒေနှင့်စပ်လျဉ်း၍ အငြင်းပွားမှုများ ဖြစ်ပွားလျက်ရှိပါသည်။ ရေဥပဒေများကို နိုင်ငံတစ်နိုင်ငံချင်းစီအလိုက် ပြဋ္ဌာန်းသတ်မှတ်ထားသော်လည်း နိုင်ငံတကာမြစ်များ၏ ရေအသုံးပြုခွင့်နှင့် စပ်လျဉ်း၍ Helsinki Rules နှင့် Hague Declaration on Water Security ကဲ့သို့သော နိုင်ငံတကာ ဥပဒေများကို ချမှတ်ထားပါသည်။

သို့ဖြစ်ပါ၍ FAO၏ 2030 Agenda for Sustainable Development အောင်မြင်ရေးတွင် ရေ၏ အဓိကအခန်းကဏ္ဍကို မီးမောင်းထိုးပြနေသည့် ရေအရင်းအမြစ်မဟာဗျူဟာများကို ချမှတ်အကောင်အထည်ဖော်ရန်လိုအပ်ပြီး စိုက်ပျိုးရေးနှင့် အခြားကဏ္ဍများကို ချိတ်ဆက်ပေးရန် လိုအပ်လျက်ရှိသောကြောင့် အနာဂတ်လူငယ်များအနေဖြင့် လူထုနှင့် ကမ္ဘာမြေအတွက် ကြွယ်ဝပြီး ပိုမိုကောင်းမွန်သည့် ကမ္ဘာကြီးဖြစ်စေရန် အမွေအနှစ်များကို ဆက်လက် ထိန်းသိမ်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း သိရှိရသည်။

ဒေါ်ရွှေရည်ဝင်း
လက်ထောက်ညွှန်ကြားရေးမှူး
အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံဥပဒေရေးရာဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန

Source : http://Burmese.voanews.com/a/7323763.html
www.fao.org/3/a-i5469t.pdf

## Nigeria နိုင်ငံမှ Singapore Convention on Mediation တွင်ပါဝင်လာခြင်း

စင်ကာပူစေ့စပ်ဖြေရှင်းရေးကွန်ဗင်းရှင်းကို နိုင်ငံများနှင့် ဒေသဆိုင်ရာစီးပွားရေးလုပ်ငန်း အဖွဲ့အစည်းများမှ ပါဝင်လက်မှတ်ရေးထိုးခြင်း၊ အတည်ပြုခြင်းနှင့် သဘောတူပါဝင်ခြင်းတို့ပြုလုပ် နိုင်ရန် ၇-၈-၂၀၁၉ရက်နေ့မှစ၍ ဖိတ်ခေါ်လျက်ရှိရာ Nigeriaနိုင်ငံသည် ၁၃ နိုင်ငံမြောက် အတည်ပြု သည့်နိုင်ငံအဖြစ် ပါဝင်ခဲ့ကြောင်း ကုလသမဂ္ဂရုံးချုပ်(United Nations Headquarters)မှ ၂၉-၁၁-၂၀၂၃ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ပါသည်။

Nigeria နိုင်ငံသည် အဆိုပါကွန်ဗင်းရှင်းကို ၂၉-၁၁-၂၀၂၃ ရက်နေ့တွင် သဘောတူပါဝင်ခဲ့ပြီး ယင်းသို့သဘောတူပါဝင်ခြင်းသည် ၂၇-၅-၂၀၂၄ ရက်နေ့တွင် စတင်အကျိုးသက်ရောက်မည်ဖြစ် ကြောင်းတွေ့ရှိရပါသည်။

စင်ကာပူစေ့စပ်ဖြေရှင်းရေးကွန်ဗင်းရှင်းသည် နိုင်ငံတကာကုန်သွယ်ရေးလုပ်ငန်းများ အဆင် ပြေချောမွေ့စေရန်နှင့် စီးပွားရေးဆိုင်ရာအငြင်းပွားမှုများကိုဖြေရှင်းရာတွင် ထိရောက်သည့် စေ့စပ် ဖြေရှင်းခြင်းနည်းဖြင့်ဖြေရှင်းခြင်းကို အားပေးမြှင့်တင်ရန် နိုင်ငံများမှ သဘောတူချုပ်ဆိုထားသည့် စာချုပ်ဖြစ်ပါသည်။

Nigeria နိုင်ငံသည် အငြင်းပွားမှုဖြေရှင်းခြင်းနှင့်စပ်လျဉ်း၍ ၂၀၀၄ ခုနှစ်တွင်ပြဋ္ဌာန်းခဲ့သည့် ၃၅ နှစ်ကျော် ကြာမြင့်ပြီဖြစ်သော Arbitration and Conciliation Act အစား ၂၆-၅-၂၀၂၃ ရက်နေ့တွင် Arbitration and Mediation Act (2023)ကို ပြဋ္ဌာန်းခဲ့ကြောင်း တွေ့ရှိရပါသည်။ ယင်းဥပဒေ၏ ပုဒ်မ ၁ တွင် ရည်ရွယ်ချက်မှာ ဘက်မလိုက်သော ခုံရုံးဖြင့် အငြင်းပွားမှုများကို သင့်လျော်သောနည်းလမ်းဖြင့်ဖြေရှင်းခြင်းကို အားပေးမြှင့်တင်နိုင်ရန်အတွက် ပြဋ္ဌာန်းထားခြင်း ဖြစ်ကြောင်း တွေ့ရှိရပါသည်။

Nigeria နိုင်ငံက စင်ကာပူစေ့စပ်ဖြေရှင်းရေးကွန်ဗင်းရှင်းတွင် ပါဝင်ခြင်းမှာ Nigeria နိုင်ငံ၏ Arbitration and Mediation Act(2023)၊ ပုဒ်မ ၈၇ တွင် စင်ကာပူစေ့စပ်ဖြေရှင်းရေးကွန်ဗင်းရှင်း အရ နိုင်ငံတကာအငြင်းပွားမှုဖြေရှင်းခြင်းသဘောတူစာချုပ်များကို အကောင်အထည်ဖော်ရန် ပြဋ္ဌာန်းထားခြင်းကြောင့်ဖြစ်ကြောင်း တွေ့ရှိရပြီး ပြည်တွင်းဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ

နိုင်ငံတကာသဘောတူစာချုပ်တစ်ခုဖြစ်သည့် စင်ကာပူစေ့စပ်ဖြေရှင်းရေးကွန်ဗင်းရှင်းတွင် ပါဝင်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

Nigeria နိုင်ငံသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် မူဝါဒများချမှတ်ဆောင်ရွက်လျက်ရှိသည်နှင့်အညီ အငြင်းပွားမှုဖြေရှင်းခြင်းနှင့်စပ်လျဉ်း၍ ပြည်တွင်းဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းကာ ယင်းဥပဒေတွင် Arbitration နှင့် Mediation နည်းလမ်းများကို ထည့်သွင်း ပြဋ္ဌာန်းထားကြောင်းတွေ့ရှိရသဖြင့် စင်ကာပူစေ့စပ်ဖြေရှင်းရေးကွန်ဗင်းရှင်းတွင် အဖွဲ့ဝင်နိုင်ငံပါဝင်ခြင်းဖြင့် ၎င်းတို့နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် အငြင်းပွားမှုများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည့်နည်းလမ်းတစ်ရပ်ကို ရွေးချယ်လာနိုင်မည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Source: https://unis.unvienna.org/unis/pressreis/2023/unisl352.html

https://singaporeconvention.org/jurisdictions/nigeria

## ကလေးသူငယ်များအားကာကွယ်ရန်ပျက်ကွက်မှုအတွက် Meta ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် Zuckerberg အား New Mexico ပြည်နယ်ရှေ့နေချုပ်က တရားစွဲဆိုခြင်း

အမေရိကန်နိုင်ငံ၊ နယူးမက္ကဆီကိုပြည်နယ် ရှေ့နေချုပ် Raul Torrez က Facebook နှင့် Instagram apps များ၏ မိခင်ကုမ္ပဏီဖြစ်သော Meta Platforms (META.O)နှင့် CEO Mark Zuckerberg တို့သည် ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာစော်ကားမှုများ၊ အွန်လိုင်းမှဖြားယောင်းသွေးဆောင်ခြင်းများနှင့် လူကုန်ကူးမှုများမှကာကွယ်ရန်ပျက်ကွက်ခဲ့သဖြင့် တရားစွဲဆိုထားကြောင်း ၆.၁၂. ၂၀၂၃ ရက်နေ့ကပြောကြားခဲ့သည်။ "စုံစမ်းစစ်ဆေးမှုများအရ Meta ကုမ္ပဏီ၏ ဆိုရှယ်မီဒီယာပလက်ဖောင်းများသည်ကလေးများအတွက်လုံခြုံသောနေရာများမဟုတ်သည့်အပြင်၊ ကလေးညစ်ညမ်းရုပ်ပုံစာပေများကိုရောင်းဝယ်ဖောက်ကားရန်နှင့်အရွယ်မရောက်သေးသူများအားလိင်မှုဆိုင်ရာအမြတ်ထုတ်ခြင်းများအတွက် အဓိကနေရာများဖြစ်ကြောင်း တွေ့ရှိရသည်" ဟု Torrez ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ Meta ကုမ္ပဏီသည် ၎င်း၏ဆိုရှယ်ပလက်ဖောင်းများတွင် အရွယ်ရောက်ပြီးသူဒါဇင်ပေါင်းများစွာက ကလေးများအား ရှာဖွေ၊ ဆက်သွယ်ပြီး ကလေးများ၏ လိင်ပိုင်းဆိုင်ရာညစ်ညမ်းသောပုံများကိုပေးပို့စေခြင်းနှင့် ညစ်ညမ်းဗီဒီယိုများတွင်ပါဝင်ခြင်းတို့ ပြုလုပ်ရန် တွန်းအားပေးခြင်းများကို ခွင့်ပြုပေးထားခဲ့သည်ဟုလည်း ၎င်းကပြောကြားခဲ့သည်။

Meta ကုမ္ပဏီက ၎င်းတို့အနေဖြင့် ဆိုရှယ်ပလက်ဖောင်းမှတစ်ဆင့် ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်ခြင်းများအား အမြစ်ဖြတ်နိုင်ရန်အတွက် ခေတ်မီနည်းပညာကို အသုံးပြုခြင်း၊ ကလေးဘေးကင်းရေးဆိုင်ရာကျွမ်းကျင်သူများကိုငှားရမ်းခြင်း၊ ပျောက်ဆုံးနေသောကလေးများ နှင့် အမြတ်ထုတ်ခံရသောကလေးများ၏အချက်အလက်များကို အမျိုးသားဗဟိုဌာနထံသတင်းပို့ခြင်း၊ လိုအပ်သောအချက်အလက်များအားအခြားသောကုမ္ပဏီများနှင့် ပြည်နယ်ရှေ့နေချုပ်များအပါအဝင် တရားဥပဒေစိုးမိုးရေးအရာရှိများထံမျှဝေခဲ့ခြင်းတို့ပြုလုပ်ခဲ့ကြောင်းတုံ့ပြန်ပြောကြားခဲ့သည်။ ဩဂုတ်လအတွင်း ကလေးသူငယ်လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှု မူဝါဒများကို ချိုးဖောက်သည့် အကောင့်ပေါင်း ၅၀၀,၀၀၀ ကျော် ကို Meta က ပိတ်ခဲ့ကြောင်းလည်း ပြောကြားခဲ့သည်။

Zuckerberg နှင့် အခြားသော Meta အမှုဆောင်အရာရှိများအနေဖြင့် ၎င်းတို့၏ ထုတ်ကုန်များသည်ငယ်ရွယ်သောအသုံးပြုသူများအတွက် ဆိုးရွားစွာထိခိုက်စေနိုင်သည်ကိုသိရှိကြသော်လည်း ၎င်းတို့၏ ပလက်ဖောင်းများတွင် ကလေးများအပေါ် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုကို တားဆီးမည့်

လုံလောက်သောပြောင်းလဲမှုများပြုလုပ်ရန် ပျက်ကွက်ခဲ့ကြောင်း Torrez ကထပ်လောင်း ပြောကြားခဲ့သည်။ မွန်တာနာပြည်နယ် ရှေ့နေချုပ် Austin Knudsen ကလည်း Instagram သည် အထူးသဖြင့် အရွယ်မရောက်သေးသူများကို စွဲလမ်းစေရန် ရည်ရွယ်ချက်ရှိရှိ ဒီဇိုင်းပြုလုပ်ထားသဖြင့် Meta ကို တရားစွဲဆိုထားကြောင်း ၅.၁၂.၂၀၂၃ ရက်နေ့က ကြေညာခဲ့သည်။

Meta ကုမ္ပဏီသည် ၎င်းတို့၏ ဆိုရှယ်မီဒီယာပလက်ဖောင်းများကို စွဲလမ်းစေခြင်းဖြင့် လူငယ်စိတ်ကျန်းမာရေးပြဿနာကို လှုံ့ဆော်ပေးသည်ဟုဆိုကာ အောက်တိုဘာလအတွင်း အမေရိကန်ပြည်နယ် ၄၀ ကျော်က Meta ကုမ္ပဏီအား တရားစွဲဆိုခဲ့သည်။ ကယ်လီဖိုးနီးယားနှင့် နယူးယောက်အပါအဝင် ပြည်နယ် ၃၃ ခုမှ ရှေ့နေချုပ်များက Meta သည် ၎င်းတို့ပလက်ဖောင်းများ၏ အန္တရာယ်များအကြောင်း လူအများအား ထပ်ခါတလဲလဲ ထိန်ချန်လှည့်စားကာ ငယ်ရွယ်သော ကလေးများနှင့် ဆယ်ကျော်သက်များအား လူမှုမီဒီယာအသုံးပြုခြင်းကိုစွဲလမ်းစေရန် လှုံ့ဆော်ပေးခဲ့သည်ဟု ပြောဆိုခဲ့ကြသည်။ အခြားအမေရိကန်ပြည်နယ် ရှစ်ခုနှင့် ဝါရှင်တန်ဒီစီတို့က Meta ကုမ္ပဏီအား အလားတူ တရားစွဲဆိုခဲ့ကြသည်။

Meta, TikTok နှင့် YouTube တို့သည်ဆိုရှယ်မီဒီယာကို လူငယ်နှင့် ကလေးများစွဲလမ်းစေရန် ဆောင်ရွက်ထားသဖြင့် ကလေးများနှင့်ကျောင်းများကိုယ်စား ရာနှင့်ချီသောတရားစွဲမှုများအား ရင်ဆိုင်နေကြရသည်။ Meta သည် ကလေးများ၏ အချက်အလက်လုံခြုံရေးဥပဒေကို ရည်ရွယ်ချက်ရှိရှိ ရှောင်လွှဲနေသည့် အလေ့အကျင့်အား ရပ်တန့်သင့်ပြီဖြစ်ကြောင်း အမေရိကန် အထက်လွှတ်တော်အမတ် Ed Markey နှင့် Bill Cassidy တို့က ပြောကြားခဲ့ကြောင်းလည်း သိရှိရသည်။

ပြည်တွင်း ပြည်ပဆက်ဆံရေးနှင့်<br>သတင်းပြန်ကြားရေးဌာနခွဲ<br>ဝန်ကြီးရုံး<br>ဥပဒေရေးရာဝန်ကြီးဌာန

Source: David Shepardson, *New Mexico sues Meta, CEO Zuckerberg over child protection failures*, available at: https://www.reuters.com/legal/new-mexico-sues-meta-ceo-zuckerberg-over-child-protection-failures-2023-12-06/

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

